

## သင့်ကလေး၏ သွားများကို ကျန်းမာသန့်ရှင်းအောင်ထားခြင်း

ကျွန်ုပ်၏ ကလေးအား ကျန်းမာလှပသော အပြုံးတစ်ခု ပိုင်ဆိုင်ရန် ကျွန်ုပ်အနေဖြင့် မည်သို့ ကူညီနိုင်မည်နည်း။

- ကောင်းသော ခံတွင်းစောင့်ရှောက်မှုကို သင့်ကလေး၏ ပထမဆုံးသွားမပေါက်မီတွင် စတင်ရမည်။ သင့်ကလေး၏ သွားများအတွင်း ပိုးမွှားများ မဝင်ရောက်စေရန် ကာကွယ်ပေးပါ။ ယင်းသည် သွားပိုးပေါက်များကို ဖြစ်စေသည်။
- မိခင်နို့သည် အကောင်းဆုံးဖြစ်သည်။ မိခင်နို့သောက်သုံးသော ကလေးငယ်များတွင် ပိုမိုကျန်းမာ၍ ဖြောင့်တန်းသော သွားများရှိသည်။
- သင့်ကလေးသည် နို့ဘူးသောက်သုံးသည်ဖြစ်ပါက နို့ဘူးအတွင်းသို့ နို့၊ ကလေးအာဟာရမှုန့် သို့မဟုတ် ရေ သာထည့်၍ တိုက်ပါ။
- သင့်ကလေးကို မည်သည့်အခါမျှ နို့ဘူးသောက်ရင်း အိပ်မပျော်ပါစေနှင့်။
- ကလေးတစ်နှစ်မပြည့်မီတွင်ပင် သင့်ကလေးအား သွားဆေးခန်းတွင်ပြသရန် အချိန်ဇယားဆွဲထားပါ။
- သင့်သွားများကိုလည်း သန့်ရှင်းအောင်ထားပါ။ သင့်တွင် သွားပိုးပေါက်ရှိပါက သင့်ကလေးတွင် သွားပိုးပေါက်ရှိနိုင်ချေ ပိုများသည်။ ဇွန်းများကို မျှဝေသုံးစွဲခြင်းဖြင့်လည်းကောင်း သို့မဟုတ် သင့်ကလေး၏ချိုလိမ်ကို လျက်ခြင်းဖြင့်လည်းကောင်း သွားအခေါင်းပေါက်စေသော ပိုးမွှားများကို ပျံ့နှံ့စေနိုင်သည်။

---

ကျွန်ုပ်တို့၏ရန်ပုံငွေထောက်ပံ့သူများကို ကျေးဇူးတင်ရှိပါသည်။ ကိုလိုရာဒို စောင့်ရှောက်မှု ဖောင်ဒေးရှင်း၊ ကိုလိုရာဒို ကျန်းမာရေး ဖောင်ဒေးရှင်း၊ ကိုလိုရာဒိုရန်ပုံငွေဖောင်ဒေးရှင်း၊ Delta သွားဘက်ဆိုင်ရာ ကိုလိုရာဒို ဖောင်ဒေးရှင်း၊ Kaiser Permanente ၊ Rose Community ဖောင်ဒေးရှင်းတို့က ပံ့ပိုးသည်။

ဤစီမံကိန်းကို အမေရိကန်ပြည်ထောင်စု ကျန်းမာရေး ရင်းမြစ်များနှင့် ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုဌာန (HRSA) က ပံ့ပိုးပေးပါသည်။ ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုဌာန(HHS)၊ ခွင့်ပြုနံပါတ်- H47MC28479 သတင်းအချက်အလက်/ အကြောင်းအရာနှင့် ကောက်ချက်များသည် စာရေးသူ၏ အာဘော်သာဖြစ်၍ ယင်းကို တရားဝင် ရပ်တည်ချက်၊ သို့မဟုတ် မူဝါဒအဖြစ် မှတ်ယူခြင်းမပြုပါနှင့်။ အလားတူ HRSA၊ HHS နှင့် အမေရိကန်ပြည်ထောင်စု အစိုးရမှ ထောက်ခံချက် ပေးထားသော မူဝါဒအဖြစ် မှတ်ယူခြင်း မပြုပါနှင့်။



# သင့်သွားများကို ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ကျန်းမာ သန့်ရှင်းစွာထားခြင်း

cavity-free AT THREE

2016 ခုနှစ် ထုတ်ဝေမှု

ဤရင်းမြစ်မှာ ကိုလိုရာဒို ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ ဌာန(CDPHE) ၏ မူပိုင်ဖြစ်ပြီး ပြင်ဆင်ခြင်း မပြုရပါ။

COLORADO Department of Public Health & Environment





# ကိုယ်ဝန်ဆောင်နေစဉ်အတွင်း သင့်သွားများကို စောင့်ရှောက်ခြင်း

**ကိုယ်ဝန်ဆောင်စဉ်အတွင်း ကျွန်မ၏သွားများကို ဂရုစိုက်ရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။**

ကိုယ်ဝန် ၃ လသားအရွယ်တွင် သင့်ရင်သွေးငယ်လေး၏သွား များ ဖွံ့ဖြိုးစပြုလာပါသည်။

သင့်ရင်သွေးငယ်လေး၏ ပထမသွားများထွက်လာဖို့အတွက် ကျန်းမာရေးနှင့် ကိုက်ညီသော၊ မျှတသော အစားအစာများကို စားသုံးပါ။

ကိုယ်ဝန်ဆောင်စဉ် ဟော်မုန်းဓါတ်များကြောင့် သင်သည် သွားဖုံးရောဂါဖြစ်ပွားနိုင်သည့် သွားဖုံးများ ရောင်ရမ်းခြင်း ပိုမို ဖြစ်ပွားလာနိုင်ဖွယ် ရှိသည်။

သွားဖုံးရောဂါရှိသောကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အချိန်မတိုင်မီ မွေးဖွားပြီး အလွန်သေးငယ်သည့်ကလေး ပိုမို ရရှိနိုင်ဖွယ်ရှိကြောင်း သုတေသနတစ်ခုက ဆိုထားပါသည်။

**ကိုယ်ဝန်ဆောင်စဉ်တွင် သွားကိုပြင်ဆင် ခြင်းသည် ဘေးအန္တရာယ် ကင်းရှင်း ပါသလား။**

ကင်းရှင်းပါသည်။ သွားဆေးခန်းပုံမှန်ပြခြင်း၊ X-rays ရိုက်ခြင်းနှင့် ထုံဆေးများသည် ကိုယ်ဝန်ဆောင်စဉ်အတွင်း အန္တရာယ် ကင်းပါသည်။

ကိုယ်ဝန်နစဉ်အချိန်တွင် သင့်သွားဆရာဝန်နှင့် ပြသရန် စီစဉ်ပါ။

လိုအပ်ပါက သွားများကို စောင့်ရှောက်ကုသဖို့ ဝန်မလေးပါနှင့်။ သင်၏ခံတွင်းကျန်းမာရေးသည် သင့်ကလေး၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

**ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ကျွန်မ၏ ခံတွင်းကို မည်သို့ဂရုစိုက်သင့်သနည်း။**

သင့်သွားကို ဖလိုရိုက်ပါသောသွားတိုက်ဆေးဖြင့် တစ်နေ့နှစ်ကြိမ် တိုက်ပါ။

သွားပွတ်ချည်ကြိုးဖြင့် နေ့စဉ်သန့်ရှင်းပါ။

ဖလိုရိုက်ပါသောရေကို သောက်ပါ။

အထူးသဖြင့် အစာစားချိန်များအတွင်း သကြားဓါတ်နည်းသော သောက်စရာများနှင့် သွားရည်စာများကို စားသုံးပါ။

အော့အန်ပြီးနောက် သင့်ပါးစပ်ကို မုန့်ဖုတ်ဆော်ဒါ လက်ဖက် ရည်ဇွန်းတစ်ဇွန်းခန့် ရောစပ်ထားသော ရေဖြင့် ပလုတ်ကျင်းပါ။